
သဲအိမ်ကလေး
ပြန်ဆောက်ပေးပါ
သူဝေး

မြင့်မားလွန်းသော ကျောက်တောင်ကြီး...

ထိုကျောက်တောင်ကြီး၏ အငူအစွန်အဖျားကလေး၌ ကလေးငယ် တစ်ယောက် ငြိမ်သက်၍ ရပ်နေသည် ။

ကလေးငယ်၏ မျက်ဝန်းတွင် မျက်ရည်များ ပြည့်အိုင်နေ။

လေတွေက တဟူး..ဟူး.. တိုက်ခတ်နေသည် ။ ထိုတဟူး..ဟူး တိုက် ခတ်နေသောလေသည် လေဟု န်စီးနေသော နတ်ဆိုးများ ၏ ဂတ်ရုံရုပ် သံနှင့်လည်း တူနေသေး၏။

လေပြင်းဒဏ်ကြောင့် ကလေးငယ်၏ အင်္ကျီစတွေမှာ လဲ ခန္ဓာကိုယ် ကို တဖပ်ဖပ် တိုးကပ်နေသည် ။ ကလေးငယ်၏ မျက်ဝန်းအိမ်ထဲ၌ မျက် ရည်ဥကလေးက လှုပ်ခါနေသည် ။

ကလေးငယ် မျက်တောင်ကို ပုတ်ခတ်လိုက်သည် ။ မျက်ရည်များ အိ ခနဲ ပြိုကျလာသည် ။

ခြေဖျားအောက်မှ နက်ရှိုင်းသော ချောက်ကြီးကို နာနာကျင်ကျင်ခိုးကြည့်ရင်း ကလေးလေး ငိုနေသည် ။

သူ့အနောက်ဘက်အဝေးမှ ခေါ်သံတချို့ကို ကြားနေရသည် ။ သူလှ ည့်ကြည့်မိတော့ တောင်အောက်မနီးမဝေးမှ အမိုးချွန်ချွန်နှင့် ဘုရားကျောင်းလေးတစ်ကျောင်းကိုသာ စို့နင့်စွာ တွေ့မြင်လိုက်ရသည် ။ မျက်ရည်များ နှင့် ခေါင်းရမ်းမိသည် ။ ခေါ်သံများက သူနှင့်နီး လာပြီ။ နီး ၍ နီး၍ လာခဲ့ချေပြီ။

သူ့မျက်လုံးအစုံကို မှိတ်လိုက်သည် ။ အရှေ့မှ ချောက်နက်ကြီးထံသို့သာ မုန်းတီးစက်ဆုပ်စွာ အာရုံထားလိုက်သည် ။ ထို့နောက် သူ့စိတ်နှင့်တူ ဆုံးဖြတ်လိုက်ပြီး.. ချောက်နက်အတွင်းသို့.. ကလေးလေး..။

... ခုန်ချ..သွား...။

******

## အပိုင်း (က)

## ထိုမြို့သို့ ဖိနပ်ကလေးများ ရောက်လာကြသည် ။

## (၁)

နွေဦးရောက်ပြီ။

အဝါရောင် မြေကပ်ပန်းတချို့ သက်တမ်းစေ့ပြီလား။ ငှက်ကလေးများက ကောက်ရိုးမျှင်များကို နှုတ်သီးနှင့် မဆန့်စွာ ကိုက်ချီပျံသန်းနေကြသည် ။ ဆောင်းနှင်းပွင့်များ လဲ သူတို့ အရိပ်ကို သူတို့လက်ချောင်းများ နှင့် ပြန်ကောက်ပြီး ပျောက်ခြင်းမလှ ပျောက်သွားကြပြီ။ ပုစဉ်းတောင်ပံများ လို မှုန်ကြည်ကြည်နှင့် တိမ်တွေ အတန်းလိုက် လှပနေသည် ။

ထိုနွေဦးနံနက်ခင်းမှာ ကောင်မလေးတစ်ယောက် အိပ်ရာမှ နိုးထလာပါသည် ။ မင်္ဂလာပါ လောကကြီး ဟု မနှုတ်ဆက်မိပါ။ သူမ ပြတင်းပေါက်တံခါးလေးကို ဖွင့်ကာ လတ်ဆတ်သောလေများကို တစ်ဝကြီး ရှူသွင်းလိုက်သည် ။

"ဟူး..."

ရှူထားတဲ့ လေတွေကို ပြန်မှုတ်ထုတ်လိုက်သည် ။ တစ်ကိုယ်လုံး လန်းဆန်းပေါ့ပါးသွားသည် ။

နောက်တော့ သူမ ရေချိုးခန်းထဲဝင်ကာ ကိုယ်လက်သန့်စင်ပြီး နံနက်စာစားရန် စားပွဲသို့ ထွက်ခဲ့သည် ။

သူမထိုင်နေကျနေရာတွင် နွားနို့တစ်ခွက်နှင့် ပေါင်မုန့်ကြက်ဥကြော်က အသင့်ရှိနေသည် ။ သူမ၏ အဖေက သတင်းစာဖတ်ရင်း စားသောက်နေသည် ။ သူမလဲ ထိုင်ခုံတွင် ဝင်ထိုင်စားရင်း ကိုကိုနှင့် ကာတွန်းကားတွေအကြောင်း ပြောနေမိသည် ။

ကိုကိုဆိုသည် မှာ သူမအောက် ရှစ်နှစ်ကိုးနှစ်ခန့်ငယ်သော သူမ၏ မောင်လေးဖြစ်သည် ။

မေမေက မုန့်ပန်းကန်တွေ လာချပေးရင်း သူမကို..

"လွန်းငယ် စုံထောက်ကားတွေကြည့်တာ ညဥ့်မနက်စေနဲ့ "

ဟု ခပ်စစ ပြောလေသည် ။

"ဟုတ်.. ဟုတ်"

သူမလဲ အလွယ်တကူ ခေါင်းညိတ်ဖြေလိုက်သည် ။

သူမ၏ အမည်အပြည့်အစုံက ဖြူလွန်းငယ် ဟူ၍ ဖြစ်သည် ။ မွေးစက ဖြူဖြူသေးသေးငယ်ငယ်လေးဖြစ်၍ ထိုသို့ နာမည်ပေးခဲ့ခြင်းဖြစ်သည် ။ ယခုတော့ ငယ်ငယ်ကလို ဖြူလွန်းနေသေးသော်လည်း သေးသေးငယ်ငယ်လေးတော့ မဟုတ်တော့ပါ။ သူ့အရွယ်နှင့်သူ သဘာဝအတိုင်း ရှိသင့်သလောက်ရှိနေပါပြီ။

"ကိုကိုရေ ကိုကို.. ကိုကို"

အိမ်ရှေ့မှ ခေါ်သံကို ကြားလိုက်ရသည် ။

"ကိုကို.. ကိုကိုရေ.."

အတင်းဇွတ်ခေါ်နေသောအသံကို နားထောင်ကာ ‘ဒါ ဂျိုကာ့အသံပဲ’ ဟု ကိုကို သိလိုက်သည် ။ ကိုကိုလဲ အိမ်ရှေ့ထွက်သွားရသည် ။

လွန်းငယ်ကတော့ ပေါင်မုန့်ကြက်ဥကြော်ကို ကြီးကြီးကိုက်ကာ သူ့အဖေ၏ ပြောင်နေသော နဖူးကိုကြည့်ကာ မျက်စိစူးနေပါသည် ။

အတန်ကြာသည် အထိ စားပွဲဝိုင်းသို့ ကိုကို ပြန်ရောက်မလာ။ ငြင်းခုံသံတွေတော့ ကြားလာရသည် ။

"အဲ့ဒါ ငါ့ဟာ မဟုတ်ပါဘူးဆို"

"မင်းလက်ထဲကဟာလဲ ငါ့ဥစ္စာမှ မဟုတ်တာ"

"ဒါဆို ဘယ်သူ့ဟာလဲ"

"မသိဘူးလေကွာ"

ထိုသို့ ငြင်းခုံသံများက တော်တော်နှင့်မစဲ။ လွန်းငယ် စားသောက်ပြီးသည် အထိ ငြင်းခုံနေကြဆဲ။

သူတို့ ဘာဖြစ်နေကြတာလဲ။ ဘာပြဿနာကို ငြင်းခုံနေကြတာလဲ။ လွန်းငယ် စိတ်မဝင်စားမိ။ သို့သော် နားငြီးလာသည် နှင့် သူတို့ ရှိရာအိမ်ရှေ့သို့ ထွက်ခဲ့တော့သည် ။

"ဟိုနှစ်ကောင် နင်တို့ ဘာဖြစ်နေကြတာလဲ"

လွန်းငယ်ကိုမြင်တော့ ကိုကိုနှင့်ဂျိုကာ ငြင်းခုံကြရာမှ ရပ်သွားသည် ။

လွန်းငယ်လဲ အခုမှ သူတို့ နှစ်ယောက်ကို သေချာကြည့်မိသည် ။ သူတို့ လက်ထဲတွင် ဖိနပ်ကလေးတစ်ရန်စီ ရှိနေသည် ။ ထိုဖိနပ်ကလေးများကလည်း အရွယ်တူ၊ အရောင်တူ၊ အဆင်တူကလေးများ ဖြစ်သည် ။ သူတို့ အရွယ်စီးသော၊ ကိုးနှစ် ဆယ်နှစ်အရွယ် ကလေးစီးဖိနပ်လေးတွေဖြစ်သည် ။

"နင်တို့ ဒီဖိနပ်တွေ ကိုင်ပြီး ဘာလုပ်နေတာလဲ"

"အဲဒါပြောတာပေါ့ မမရဲ့ ၊ ဒီဖိနပ်တွေ ဘယ်ကရောက်လာမှန်းလဲ မသိဘူး"

"ဟုတ်တယ် မမလွန်းငယ်။ သားလဲ မနေ့က ကိကိ သားအိမ်မှာ ကစားပြီး မေ့ကျန်ခဲ့တဲ့ ဖိနပ်မှတ်လို့ လာပေးတာ"

"ဖိနပ်က မေ့ကျန်မလားကွ"

"သိဘူးလေကွာ မင်းကလဲ"

သူမကို တစ်ယောက်တစ်ခွန်းပြောပြရာမှ သူတို့ ချင်း ငြင်းခုံကြပြန်သည် ။ လွန်းငယ်လဲ မျက်မှောင်ကုတ်ကာ..

"ကိကိ နင်ကကော အဲဒီဖိနပ်ကို ဘယ်လိုလုပ်ရလာတာလဲ"

ကိကိက လက်ထဲက ဖိနပ်လေးကို ငုံ့ကြည့်ပြီးမှ

"သားက မနက်စောစောကတည်းက ဒီဖိနပ်လေးကိုတွေ့တာ။ အိမ်ရှေ့တံခါးဝမှာ ညီညီညာညာလေးရှိနေတာ၊ ဘယ်သူ့ဖိနပ်မှန်းလဲ မသိဘူး။ အခု ဂျိုကာလာလို့ သူ့ဖိနပ်များ လားလို့ ပြကြည့်တာ"

"ငါမှ မနေ့က မင်းအိမ်မလာဘဲကို"

ဂျိုကာကပဲ သူ့လက်ထဲက ဖိနပ်ကိုထောင်ပြကာ ဆက်ပြောသည် ။

"ငါလဲ ဒီဖိနပ်ကို ဒီနေ့နံနက်ကမှ အိမ်ရှေ့တံခါးဝမှာ တွေ့တာ။ မင်းလိုပဲ ညီညီညာညာလေးတွေ့တာပဲ။ မင်းနဲ့ ပေတိုးနဲ့ တစ်ယောက်ယောက်ရဲ့ ဖိနပ်နေမှာ ပဲဆိုပြီး လာပေးတာ"

လွန်းငယ် သူတို့ စကားကို နားရှုပ်သွားသည် ။ သူတို့ ပြောပေါက်အရ ဖိနပ်တွေ ကိုယ်တိုင်ကပဲ ခြေထောက်ပေါက်ပြီး သူတို့ အိမ်ရှေ့တွေဆီ ရောက်လာသလိုလို။

ဂျိုကာကလဲ စူပုပ်ပုပ်နှင့်တွေးနေရာက..

"ဒါ ပေတိုး ငါတို့ ကို အရူးလုပ်တာနေမှာ ။ လာ.. ဒီကောင့်အိမ်သွားမယ်"

"အေး ဟုတ်တယ်။ ပေတိုးပဲ ဖြစ်ရမယ်။ ဒီကောင်နဲ့ စာရင်းရှင်းမယ် "

စိတ်ထဲရှိတဲ့ သူကို အလွယ်တကူပင် တရားခံလုပ်ပစ်လိုက်သည် ။ ထို့နောက် သူမကို ဂရုမစိုက်တော့ဘဲ ကိကိနှင့် ဂျိုကာ ထွက်သွားကြတော့သည် ။

သူမသာ ပဟေဠိဖြစ်ကာ ကျန်ခဲ့ရသည် ။ အတန်ကြာသည် အထိ ဒီအတိုင်း ရပ်တွေးနေမိသေးသည် ။ နောက်မှ ရှုပ်လာသည့်အတွေးကိုရပ်ကာ စုံထောက်ကားကြည့်ရန် အိမ်ထဲ ပြန်ဝင်ခဲ့သည် ။ အိမ်ထဲရောက်တော့ သူမအမေက ကိုရီးယားကားကြည့်နှင့်နေသဖြင့် သူမ စုံထောက်ကား မကြည့်ရတော့ချေ။

******

စုစုအေးကို လမ်းမှာ တွေ့သူများက ကွက်ကြည့်ကွက်ကြည့် ကြည့်ဖြ

စ်နေကြသည် ။

စုစုအေးကတော့ ပြန်မကြည့်နိုင်။ မျက်နှာကလည်း မအီမသာဖြစ်နေသည် ။ မီးသွေးညှပ်ကြီးနှင့်လည်း တစ်စုံတစ်ရာကို ညှပ်ကိုင်လာရသောကြောင့် ဖြစ်သည် ။ ထိုတစ်စုံတစ်ရာမှာ ကြွက်သေကောင်ကြီးတော့ မဟုတ်ချေ။

စုစုအေးမှာ ထိုတစ်စုံတစ်ရာကြီးကို သယ်လာရသောကြောင့် စိတ်က မကြည်။ မသတီသလိုကြီး ဖြစ်သည် ။

ကံကောင်းချင်တာလား၊ ကံဆိုးချင်တာလားတော့မသိ၊ လမ်းမှာ လွန်းငယ်နှင့် တွေ့လေတော့သည် ။ စံလွန်းငယ်ကလဲ စုံထောက်ကားမကြည့်ရ၍ စူပုပ်ပုပ်ဖြစ်ကာ လမ်းလျှောက်ထွက်လာခြင်းဖြစ်သည် ။

စုစုအေးမှာ လွန်းငယ်ကိုတွေ့တွေ့ချင်း

"လွန်းငယ်ရေ ငါ့ကိုကယ်ပါဦး.. အဟင်း.. ဟင်း"

ငိုလဲမငိုချင်ဘဲ ငိုသံကြီးနှင့် ပြောသည် ။ လွန်းငယ်လဲ အနားရောက်လာကာ

"ဘာဖြစ်လို့ လဲဟ"

မေးလဲမေး၊ ခပ်လှမ်းလှမ်းကတည်းက မသဲမကွဲလှမ်းမြင်ရပြီးသော စုစုအေးလက်ထဲမှ မီးသွေးညှပ်ကြီးနှင့် ညှပ်လာသည့် တစ်စုံတစ်ရာကိုလည်း ငုံ့ကြည့်မိသွားသည် ။

"ဟင်..."

လွန်းငယ် မအံ့သြဘဲ မနေနိုင်လိုက်။ အဘယ်ကြောင့် ဆိုသော် သူမတွေ့လိုက်ရသောအရာမှာ ဖိနပ်ကလေးတစ်ရန် ဖြစ်နေသောကြောင့် ဖြ

စ်သည် ။ နံနက်က ကိုကိုနှင့်ဂျိုကာ ငြင်းခုံနေခဲ့ရသော ပဟေဠိဆန်သည့် ဖိနပ်ကလေးနှင့် တစ်ပုံစံတည်းဖြစ်သည် ။ သူမ၏ အံ့ဩမှုကို စုစုအေး က မမြင်။ သူပြောချင်တာကိုသာ အလန့်တကြား ပြောသည် ။

"ငါ့ကို ကယ်ပါဦး လွန်းငယ်ရယ်။ ငါ့အိမ် စုန်းတိုက်ခံရလို့ "

"ဘာ.."

"ဟုတ်တယ် ဘယ်သူက မကျေနပ်လို့ လဲ မသိပါဘူးဟာ။ အိမ်ရှေ့မှာ ဒီလိုဖိနပ်လေးလာထားပြီး အပင်းတိုက်သွားတာ အဟင့်.. ဟင့်"

လွန်းငယ် မျက်မှောင်ကုတ်သွားသည် ။ စုစုအေး၏ စကားကို ဘဝင် မကျမိ။ ယခုတော့ ဘဝင်မကျတာ ခဏထားပြီး သိချင်တာ မေးကြည့်ရ ဦးမည်။

"နင်က ဒီဖိနပ်လေးကို ဘယ်လိုတွေ့တာလဲ"

"နံနက်စောစောတုန်းက အိမ်ရှေ့မှာ တွေ့တာ၊ အိမ်ရှေ့တံခါးနားမှာ သပ် သပ်ရပ်ရပ်လေးကို လာထားသွားတာ"

အိမ်ရှေ့တံခါးမှာ သပ်ရပ်ညီညာစွာရှိနေတာ။ ဒါဆို ကိုကိုတို့ ဂျိုကာ တို့ တွေးတဲ့ ပုံစံနဲ့ အတူတူပဲပေါ့ဟု ချိန်ကိုက်ကာ တွေးလိုက်မိသည် ။

"ငါတို့ အိမ်က ငွေအတိုးပေးစားပေမယ့် မနိုမ်ပါဘူးဟယ်၊ အကြွေးမ ရရင်တော့ တစ်ခါတလေ အော်ကျယ်အော်ကျယ် တောင်းတာလေး တော့ ရှိတာပေါ့။ ဒါကို ဘယ်သူက လုပ်ရက်တာလဲ မသိဘူး"

စုစုအေးက အိုးမလုံ အံ့ပွင့်နေသေးသည် ။

"ဒီဖိနပ်လေး အိမ်ရှေ့လာတာနဲ့ စုန်းတိုက်ခံရတာ ဟုတ်ပဲ့မလား"

"ဟုတ်လောက်ပါတယ်ဟယ်၊ ဒါ အောက်လမ်းအစီအရင်တစ်မျိုးနေမှာ ပဲ၊ ငါအိမ်နီးချင်းတွေအကုန်လုံးကိုလဲ လိုက်မေးပြီးပြီ။ ဘယ်သူ့ဖိနပ်မှ မဟုတ်ဘူး ၊ ဒါ.. အပင်းတိုက်တာပဲနေမှာ "

လက်မခံပါ။ စုစုအေး၏ အဆိုကို လွန်းငယ် လုံးဝပယ်ဖျက်သည် ။

လွန်းငယ်လဲ စုစုအေး၏ မီးသွေးညှပ်ထဲမှ ဖိနပ်လေးကို 'ဇွက်' ခနဲ ဆွဲယူကာ ကြည့်လိုက်သည် ။ စုစုအေးက ထိတ်ထိတ်ပြာပြာနှင့်

"ဟဲ့ ဟဲ့ လွန်းငယ် လက်နဲ့ မကိုင်နဲ့ လေ၊ ဖိနပ်မှာ တို့ ဆေးတွေဘာတွေ သုတ်ထားရင် နင်ဒုက္ခရောက်လိမ့်မယ်"

"ငကြောက်မ တိုးတိုးနေစမ်းပါ၊ ငါသေချာလေ့လာကြည့်မလို့ "

လွန်းငယ် ဖိနပ်ကို သေချာလှည့်ပတ်ကြည့်သည် ။

ထိုဖိနပ်လေးတွင် ကြည့်လိုက်တာနှင့် တန်းသိနိုင်သောအချက်မှာ ခေတ်ဟောင်းဒီဇိုင်းပုံစံမျိုး ဖြစ်နေခြင်းပင် ဖြစ်သည် ။ စုတ်ဖွာနေခြင်း၊ ညစ်ပေနေခြင်း လုံးဝမရှိသော်လည်း အရောင်အသွေးက မှ န်ဖျော့နေပြီဖြစ်သည် ။ ဝေါ့ကင်းရှူးပုံစံမျိုးလေးပင် ဖြစ်သည် ။ သို့သော် ကြိုးနှင့်မချည်ရဘဲ ကပ်ခွာပုံစံဖြစ်သည် ။ ဖိနပ်၏ ဘယ်ညာအမိုးဘက်တွင် အနီခြစ်လေးနှစ်ခြစ်က ပါသေးသည် ။ ဖိနပ်လေးအား ထုတ်လုပ်သည့် ကုမ္ပဏီအမည်ကိုတော့ မရေးထား။ ဖိနပ်အတွင်းတစ်နေရာတွင်မှ ရိုက်နှိပ်ထားခြင်းလဲ ဖြစ်ချင်ဖြစ်နိုင်သည် ။

လွန်းငယ် ဖိနပ်ဆီမှ အကြည့်ကိုခွာလိုက်ပြီး

"နင် အခု ဒီဖိနပ်ကို ဘာလုပ်မလို့ လဲ"

"ငါ့အမေက ဟိုးဘက်လမ်းထိပ်က အမှိုက်ပုံမှာ သွားလွှင့်ပစ်လိုက်ဆိုလို့ ငါလဲ သွားလွှင့်ပစ်မလို့ "

စုစုအေး၏ အမေကလည်း စုစုအေးလိုပင် ကြံဖန်အတွေးခေါင်ကာ စိုးရိမ်ကြီးတတ်သူ ဖြစ်မည်။

"ကဲ ဒါဆိုသွားမယ်လေ"

သူမတို့ အမှိုက်ပုံဆီ ထွက်လာခဲ့ကြသည် ။ လွှန်းငယ်ကတော့ လမ်းတစ်လျှောက် ဖိနပ်လေးကို အပြန်ပြန်အလှန်လှန်ကြည့်ကာ မကျေမချမ်း စဉ်းစားနေသည် ။

အမှိုက်ပုံသို့ရောက်သောအခါမှာ လည်း သူမတို့ ထပ်အံ့သြရပြန်သည် ။

"ဟင်.."

"ဒါ ဒါတွေ..."

အမှိုက်ပုံထဲမှာ လည်း ဖိနပ်လေးတွေ ဟိုတစ်ရန် သည် တစ်ဖက်ဖြင့် မနည်းမများ ကျဲပြန့်နေသည် ။

စုစုအေးက လွှန်းငယ်ကိုကြည့်သည် ။ လွှန်းငယ်က သက်ပြင်းတစ်ဖက်နှင့် ခေါင်းတဆတ်ဆတ် ညိတ်နေသည် ။

"ဖိနပ်ကလေးတွေ များ လှချည်လား"

"................"

"ဘယ်က ဘယ်လို ရောက်လာကြတာလဲ"

"................"

"ဘာအတွက် ရောက်လာကြတာလဲ"

"..............."

ဖြေသူမရှိသည့်မေးခွန်းတွေကို စုစုအေး မေးနေမိသည် ။

"ဒါ ငါ့လိုပဲ ဒီလိုဖိနပ်တွေ အိမ်ရှေ့ရောက်နေလို့ လာလှွင့်ပစ်ခဲ့ကြတာပဲလား"

သည် တစ်ခါတော့ လွန်းငယ် ပြန်ဖြေလိုက်ပါသည် ။

"အဲဒီလိုပဲ ဖြစ်မှာ ပေါ့။ တကယ်တော့ ငါ့အိမ်ရှေ့ကမှာ ပဲ ဒီနေ့နံနက် ဒီလိုဖိနပ်လေး ရောက်နေခဲ့တယ်။ ကိုကို တွေ့ခဲ့တာပါ"

"ဟင်.. ဒါ.. ဒါဆို.. နင့်အိမ်လဲ စုန်းတိုက်ခံရတာပဲပေါ့"

လွန်းငယ်လဲ ခေါင်းရှုပ်ရသည့်အထဲ စိတ်ပါ ညစ်သွားသည် ။

"နင် အဲဒီစုန်းတွေ အပင်းတွေကို ဘေးခဏချိတ်ပြီး ခပ်ရိုးရိုးလေး တွေးကြည့်ပါဦးလား"

စုစုအေးလဲ ရှုံ့မဲ့မဲ့ဖြစ်သွားရသည် ။ တတ်နိုင်သလောက်လဲ တခြားဘက်မှ စဉ်းစားရှာပါသည် ။ စဉ်းစားရသလောက်လည်း ထုတ်ပြောကြည့်ပါသေးသည် ။

"ဒါဆို ခွေးချီလာတာများ လား"

"ဟာ နင်ကလဲ ကြည့်ပါဦး ဖိနပ်ကို။ ခွေးချီလာတာဆိုရင် ကိုက်ရာ၊ ပြဲရာ၊ ပေါက်ရာတွေ ပါရမှာ ပေါ့။ ညစ်ပတ်ပေတူးလာရမှာ ပေါ့။ ခေတ်ဟောင်းပုံစံဖြစ်နေတာကလွဲရင် အခုဖိနပ်တွေက သန့်သန့်ရှင်းရှင်းလေးပဲ။ နောက်ပြီး နင်တွေ့တုန်းကကော ကိုကိုတို့ ဂျိုကာတို့ တွေ့တုန်းကကော ဖိနပ်တွေက အိမ်ရှေ့မှာ သပ်သပ်ရပ်ရပ်လေးပဲကို။ ခွေးချီလာရင် အဲဒီလိုထားခဲ့မလား။ ဖြစ်သလို ထားခဲ့မှာ ပေါ့။ အရှင်းဆုံးအချက်ကတော့ ခွေးက ဘာလုပ်ဖို့ ဒီလောက်ဖိနပ်တွေအများကြီး ချီလာမှာ တုန်း။ ချီလာရင်ကော ဘာလို့ ဒီလိုပုံစံတူဖိနပ်လေးတွေမှ ရွေးချီလာမှာ လဲ။

ခွေးက အဲဒီလောက် လုပ်နိုင်မှာ လား"

ဒုံးဝေးသည့် စုစုအေးကို လွန်းငယ် ရှည်ရှည်လျားလျား ရှင်းပြလိုက်ရသည် ။ ဒီတော့မှ စုစုအေးက

"အင်း.. ဟုတ်တယ်နော်။ ခွေးတော့မဖြစ်နိုင်ဘူး။ ဒါဆို ဘယ်သူလဲ.. "

ဒါတော့ လွန်းငယ်လဲ မသိပါ။ အခုယူလာသော ဖိနပ်ကလေးကိုလဲ လွှင့်ပစ်ရမလား၊ ပြန်ယူထားရမလားပင် တွေးရခက်နေသည် ။

"ဟာ.. ဟိုမှာ ညီဝေမို့လား။ ငါတို့ ဆီ လာနေတာထင်တယ်"

စုစုအေးကြည့်ရာသို့ လွန်းငယ်လဲ လိုက်ကြည့်လိုက်ရာ စက်ဘီးတစ်စီးနှင့်လာနေသော ညီဝေကို တွေ့လိုက်ရသည် ။ ညီဝေက (mountain) စက်ဘီးကလေးနှင့် ဖြစ်သည် ။ ညီဝေလဲ လွန်းငယ်တို့ ကိုမြင်သောအခါ မျက်နှာမှာ ချက်ချင်း တန်းရွှင်သွားပြီး စက်ဘီးကို အမြန်နှုန်းမြှင့်ကာ နင်းတော့သည် ။ လွန်းငယ်ဆိုတာ သူ့အတွက်…

အနားရောက်လာသောအခါ

"ဟေ့ နင်တို့ အမှိုက်ပုံအနားမှာ ဘာလုပ်နေတာလဲ"

ဖိနပ်ကသိုဏ်းရှာနေတာဟု သူမတို့ ပြန်မပြောဖြစ်ပါ။

လွန်းငယ်က

"ဘာမှ မလုပ်ပါဘူးဟာ။ အင်း.. ဘာလုပ်ရမှန်းမသိဘူးလဲ ဖြစ်နေတာ.."

ညီဝေ စက်ဘီးပေါ်ကဆင်းကာ ဒေါက်ထောက်ပြီး သူမတို့ နံဘေး ဝင်ရပ်လိုက်သည် ။ လွန်းငယ်၏ မှုန်ကုတ်ကုတ်မျက်နှာကိုလဲ မြင်လိုက်

သည် ။ လွန်းငယ်၏ မျက်နှာမှာ လည်း မျက်မှောင်ကုတ်ရလွန်းသဖြင့် ‘ ကကြီး’ အက္ခရာပုံစံ ပေါက်နေချေပြီ။

"လွန်းငယ် နင်တစ်ခုခုဖြစ်နေသလိုပဲ"

"သူ မဖြစ်ပါဘူးဟယ်၊ ငါဖြစ်နေတာပါ။ ငါ့အိမ် စုန်းတိုက်ခံရလို့ "

"ဟင်.."

ညီဝေလဲ ဟင် သွားသည် ။ လွန်းငယ်ကတော့ ‘ကျွတ်’ ခနဲ စုတ်သပ်ကာ ခေါင်းခါသည် ။ ပြဿနာကဖြင့် အပိုင်းလား၊ လေးထောင့်လား မသိသေးဘဲ ထင်ရာဆွဲပြောနေသည့် စုစုအေးကို စိတ်ပျက်နေခြင်းဖြစ်သည် ။

"အဲဒီအစွဲအလမ်းကြီးကို ခဏလောက် စွန့်လွှတ်ထားစမ်းပါ စုအေးရယ်"

သူတို့ သူငယ်ချင်းအချင်းချင်းတော့ စုအေးဟု သာ ခေါ်ကြသည် ။ ညီဝေကလဲ ခုနက စုစုအေးစကားကြောင့် ခေါင်းကုတ်ကာ

"စုန်းတိုက်နေတာ"

ဟု သူဘာသာသူ ယုံရခက်ခက် မျက်နှာနှင့် ရေရွတ်ရသည် ။

လွန်းငယ်က ညီဝေ့စက်ဘီးကိုကြည့်ပြီး

"ညီဝေ နင့်စက်ဘီးနဲ့ ငါ့ကိုလိုက်ပို့စမ်းပါ"

"ဘယ်ကိုလဲ"

"သွားရင်းပြောမှာ ပေါ့"

"အေးအေး.. ပို့မယ်လေ။ ဒါပေမဲ့ ငါ့စက်ဘီးအနောက်က ကယ်ရီယာ ခုံမှ မပါတာဟ"

လွန်းငယ်လဲ တစ်ချက်ပြန်စဉ်းစားရပြီး

"ရတယ်ဟာ။ နင့်စက်ဘီးရှေ့ ဘောင်တန်းက လိုက်မယ်"

ညီဝေမျက်နှာ ရိပ်ခနဲ ပျော်သွားမိသည် ။ ဒါကို လွန်းငယ်က မြင်လျက်နှင့် မမြင်ချင်ယောင်ဆောင်ကာ စုစုအေးဘက်လှည့်ပြီး

"စုအေး ငါစုံစမ်းစရာရှိလို့ ညီဝေ့စက်ဘီးရှေ့က လိုက်သွားမယ်နော်"

လွန်းငယ်က လေသံကို ပီပီသသ တစ်လုံးချင်းပြောလိုက်ခြင်း ဖြစ်သည် ။ အကြောင်းမဲ့ မဟုတ်ပါ။ စုစုအေးကို စိတ်မချရ၍ ဖြစ်သည် ။

"အေးပါဟာ သွား သွား"

"အေး သွားမှာ ပါ။ ငါ အခုလို ညီဝေ့စက်ဘီးရှေ့က လိုက်သွားတာကို ဘယ်သူ့ကိုမှ ချဲ့ချဲ့ကားကား မဟုတ်တမ်းတရား လျှောက်မဖွနဲ့ နော် "

စုစုအေးက ပြုံးဖြဲဖြဲမျက်နှာနှင့်

"အေးပါဟာ ငါ့အကြောင်းမသိဘူးလား"

"သိတယ်၊ သိပ်သိတယ်။ သိလို့ ဒီလောက် မှာ နေရတာ"

"ရော်"

"ရော်.. မနေနဲ့ ။ နင်လျှောက်ဖွရင် နောက်ဘဝကျ ဒီထက်အရုပ်ပုပါစေ ဒါပဲ"

"အင်.."

စုစုအေး အထိနာသွားသည် ။ စုစုအေးက ပုပုလေး ဖြစ်သည် ။ သူ့အမည်နှင့် သူ့အရုပ်ကလည်း နဘောကို ထပ်နေလေသည် ။

ထိုအချိန် ညီဝေနှင့်လွန်းငယ်ကတော့ လမ်းမပေါ်မှာ စက်ဘီးလေး တစ်စီးကို စီးနင်းလျက်ရှိနေသည် ။

"ညီဝေ ခေါင်းမော့ပြီး နင်းဟာ"

"ဘာဖြစ်လို့ လဲ"

ညီဝေက သာမန်အနေအထားနှင့်သာ နင်းသော်လည်း ရှေ့ဘောင် တန်းတွင် ထိုင်သော သူမ၏ မျက်နှာနှင့်တော့ အတော်လေး နီးကပ်နေ လေသည် ။ ဒါမကောင်းပါ။ သူမ၏ ရင်ခွင်ကို နေရထိုင်ရခက်စေသည် ။

"ဘာပဲဖြစ်ဖြစ်ဟာ ခေါင်းမော့ပြီးနင်း"

"အဲဒါဆို ရှေ့မမြင်ရဘဲ နေမှာ ပေါ့"

"ရှောင်ရကွေ့ရမယ့်နေရာကျ ငါအော်ပြောမယ်"

"အေးအေး ဒါဆိုလဲ ပြီးရော"

ညီဝေ တကယ်ပင် ရှေ့သို့မကြည့်ဘဲ ခေါင်းမော့နင်းလေသည် ။ ပြောထားလေသည့်အတိုင်း ရှောင်စရာ၊ ကွေ့စရာများ ရှိရင် လွန်းငယ် က အော်ပြောလေသည် ။

"ဟုတ်ပြီ ညာကွေ့" "မေးထားမယ် အရှိန်လျှော့" "ဘယ်ကကျော်တက်" စသဖြင့် လွန်းငယ်က စပယ်ယာလိုအော်၍ ညီဝေက မျက်ကန်းကြီး လို စမ်းတဝါးဝါး နင်းလေသည် ။

လမ်းပေါ်က လူတွေကလဲ သူတို့ ကို ကွက်ကြည့် ကွက်ကြည့်နှင့် ပြုံး စိစိ ဖြစ်နေရပြီပေါ့။

******

(၂)

လမ်းဘေးအုတ်ခုံလေးတစ်ခု၏ အနောက်ဘက်တွင် အရိပ်အာဝါသ ကောင်းလှသော သစ်ပင်ကြီးတစ်ပင် ပေါက်ရောက်နေသည် ။ ထိုသစ်ပ င်ကြီး၏ အောက် (အုတ်ခုံကလေး၏ နံဘေးအနားလောက်) တွင် ပေါင် မုန့်ဆိုင်လေးတစ်ဆိုင် ရှိလေသည် ။ တွန်းလှည်းနှင့်ရောင်းသော ပေါင်မု န့်ဆိုင်ကလေးဖြစ်သည် ။ တွန်းလှည်းနှင့်မို့ ဟိုဟိုဒီဒီ တွန်းရွှေ့ရောင်း၍ ရသော်လည်း နေသာသာ နေ့လယ်နေ့ခင်းများ တွင် တော့ ထိုနေရာတွင် သာ ရောင်းလေ့ရှိသည် ။ ကျန်သည့်အချိန်များ တွင် လည်း အများအားဖြင့် ထိုနေရာတွင် သာ ရှိနေတတ်ပါသည် ။

ယခုအုတ်ခုံပေါ်တွင် ကောင်လေးနှစ်ယောက် ထိုင်နေသည် ။ တစ် ယောက်က ပီကေဟု ခေါ်သည် ။ ကြာလျှင် အရသာမရှိတော့မည့် စားစ ရာတစ်ခုကို တဖောက်ဖောက်ကစားရင်း စားနေသည် ။ သူ့အမည်က " မျိုးထွန်း"။

ကျန်တစ်ယောက်ကတော့ နံဘေးအနီးအနားရှိ ပေါင်မုန့်ဆိုင်မှ ဝယ် ထားသော ပေါင်မုန့်များကို တစ်လုံးပြီးတစ်လုံး စားနေသည် ။ လူပုံက ခ ပ်ဝဝဖြစ်သည် ။ မျက်နှာပိုင်းက ပိုဝသည် ဟု ထင်ရသည် ။ ပါးများက ဖောင်းနေ၍ နှာခေါင်းကလုံးနေကာ သတ္တဝါတစ်ကောင်နှင့်လည်း ခပ် ဆင်ဆင်တူနေလေတော့သည် ။ သူကတော့ ‘ငတိုး"။

"အရက်မသောက်နဲ့ သိလား"

မျိုးထွန်းက ပီကေတစ်ချက်ဖောက်ရင်း ငတိုးကို ပြောလိုက်ခြင်းဖြစ်သည် ။

"မသောက်ပါဘူးကွ ဘာဖြစ်လို့ လဲ"

"သြော်.. ဂက်တွေက အရက်စွဲတာ မြန်တယ်တဲ့ ။ အဲဒါကြောင့်တားမြစ်ရတာပါ"

"ဘာ.."

ငတိုး ခပ်ပါးပါးတော့ခံလိုက်ရချေပြီ။ ဟင်.. ခနဲ ပေါင်မုန့်ကို အလုတ်ကြီးကြီး ကိုက်ဖဲ့ပြီး ဝါးစားပြလိုက်သည် ။ ဘာမှ တော့ ပြန်မပြော။

"ငတိုး မင်းရေချိုးခါနီးကျရင်လေ"

"အင်း"

"ဖိနပ်ချွတ်ပြီး အိမ်ကို နှစ်ပတ်သုံးပတ်လောက် ပတ်ပြေးသင့်တယ်"

"ဘာဖြစ်လို့ လဲ"

"သြော်.. မင်းကျန်းမာရေးအတွက် စိုးရိမ်လို့ ပါ။ ဂက်တွေက မြေကြီးနဲ့ တိုက်ရိုက်မထိတာကြာရင် သံဓာတ်ချို့တဲ့ တယ်ဆိုလို့ ပါ"

"ဟော့ကောင် မင်းနော်"

ဒီတစ်ခါတော့ ငတိုး ဒေါသထွက်သွားသည် ။ လက်ကျန်ပေါင်မုန့်ကို ပါးစပ်ထဲအကုန်ထည့်ကာ ဝါးပြပစ်လိုက်သည် ။

"အဟွတ် အဟင်း.. ဟွတ်"

မဆန့်မပြဲ ပါးစပ်ထဲအကုန်ထည့်လိုက်သော ပေါင်မုန့်များကြောင့် င

တိုး 'နင်' သွားသည် ။

"ဟာ ချောင်းဆိုးနေတာလား။ မပေါ့နဲ့ ကွ။ အဲဒါ ဂက်သန်ကျရောဂါဖြစ်နေတာနေမှာ "

"ငါ.."

ငတိုး ပယ်ပယ်နယ်နယ် ဆဲပစ်လိုက်တော့သည် ။

"ခွေးမသား ငါ့များ သူ့နှမရဲ့ ရည်းစားကျနေတာပဲ၊ အဲဒီဂက်နဲ့ ပဲ လာစနေတာ"

ဆဲဆဲဆိုဆိုနှင့် မျိုးထွန်းကို ပိတ်ကန်ပစ်လိုက်သေးသည် ။ မျိုးထွန်းကတော့ ထိုကန်ချက်ကိုခုန်ရှောင်ရင်း တဟီးဟီး ရယ်နေသည် ။

မျိုးထွန်း စလဲ စချင်စရာပါ။ ငတိုးကို ဘာအဝတ်အစားမှ ဝတ်မပေးဘဲ (တချို့နေရာကိုတော့ ကိုယ့်ဘာသာအဆင်ပြေသလို ဆင်ဆာဖြတ်မြင်လိုက်ပါ) လေးဘက်ထောက်ခိုင်းပြီး ခပ်ဝေးဝေးမှ လှမ်းကြည့်လျှင် အများ စုက ဂက်တစ်ကောင်ဟု သာ ထင်ကြလိမ့်မည်။

ထိုအချိန် သူတို့ အနားကို ပြိုင်စက်ဘီးနှင့် ကောင်လေးတစ်ယောက် ရောက်လာသည် ။ ထိုကောင်လေးသည် အပြာရောင်တီရှပ်နှင့် အနက်ရောင် ဂျင်းဘောင်းဘီကို ဝတ်ဆင်ထားသည် ။ အသားဖြူ၍ အရပ်အလျားက အသင့်အတင့်ရှိသည် ။ ထိုကောင်လေးကတော့ ညီဝေပင် ဖြစ်သည် ။

ညီဝေက ငတိုးတို့ အနားတွင် စက်ဘီးကို ဒေါက်ထောက်ခဲ့ကာ ပေါင်မုန့်ဆိုင်လေးဆီ လမ်းလျှောက်သွားလေသည် ။

"ဦးလေး ပဲပေါင်မုန့်တစ်လုံးလောက်"

ဝါးခလောက် ငိုက်စိုက်ဆောင်းထားသည့် ပေါင်မုန့်သည် ကြီးက မ ည်သည့်စကားမျှမဆိုဘဲ ညီဝေပေးသည့် ပိုက်ဆံကို လှမ်းယူကာ ပေါင်မု န့်တစ်လုံးထုတ်ပေးလိုက်သည် ။

ထို့နောက် ညီဝေလဲ ပေါင်မုန့်ကို တစ်ကိုက် ကိုက်ဝါးရင်း မျိုးထွန်းနှ င့် ငတိုးတို့ နှစ်ယောက်ကြား ဝင်ထိုင်လိုက်သည် ။

ငတိုးက ညီဝေ့လက်ထဲက ပေါင်မုန့်ကိုကြည့်ကာ လျှာသပ်လိုက်ပြီး

"ဟေ့ကောင် ညီဝေ၊ ငါ့လဲ နည်းနည်းကျွေးဦးလေကွာ၊ မင်း ခေတ် ကောင်းထားတာလေ.. ငါတို့ ကို ပြုစုသင့်တယ်"

င တိုးမှာ ပေါင်မုန့်သုံးလုံးစားပြီးတာတောင် ထပ်တောင်းစားနေ သေးသည် ။ ညီဝေက ငတိုးစကားကို နားမလည်စွာဖြင့်

"ငါက ဘာခေတ်ကောင်းလို့ လဲကွ"

"ဟားဟား.. ဟိုတစ်နေ့ကလေ.. လွန်းငယ်နဲ့ မင်း စက်ဘီးကလေး တစ်စီးနဲ့ လျှောက်သွားတဲ့ ကိစ္စလေ"

"ဘာ.. ဒီကောင် ဒီလောက်တောင် အခြေအနေကောင်းနေပြီ ဟုတ် လား"

မျိုးထွန်းကလဲ ဘုမသိ ဘမသိနှင့် ဝင်အထင်ကြီးနေပြန်သည် ။

"အဲဒီကိစ္စ မင်းကို ဘယ်သူပြောတာလဲ"

"ဘယ်သူမှ ပြောစရာမလိုပါဘူးကွာ။ မြို့ကလေးက ကျဉ်းကျဉ်း လေး"

"ဒါပေမဲ့ မင်းတို့ မမြင်လောက်ပါဘူး။ ပြောစမ်းပါ ဘယ်သူပြောတာ လဲ"

"အဟဲ စုစုအေး ပြောတာကွ"

ထင်သည် ။ ဒီလောက်မှာ ထားတာတောင် ပြောဖြစ်အောင် ပြောလိုက်သေးသည် ။

"ပြောစမ်းပါကွာ.. မင်းနဲ့ လွန်းငယ် ဘယ်တွေသွား ဘာတွေလုပ် ဟဲဟဲ"

မျိုးထွန်းကလဲ စပ်ဖြဲဖြဲနှင့် မစားရ ဝါးခမမ်း ချင်နေသည် ။ ညီဝေက စိတ်ပျက်လက်ပျက်အသံနှင့်

"အမှိုက်ပုံတွေဆီ သွားကြတာပါကွာ"

"ဟင်"

ဟိုနှစ်ကောင် မနှစ်မမြို့ ဖြစ်သွားကြသည် ။

"ဘာသွားလုပ်တာလဲ"

"ဖိနပ်တွေ သွားရှာကြတာပါကွာ"

ဟိုနှစ်ကောင် တန်းရိပ်မိလိုက်သည် ။

"အခုတလော အိမ်တွေမှာ အထားခံနေရတယ်ဆိုတဲ့ ကလေးစီးဖိနပ်တွေလား"

"အင်း.. မင်းတို့ လည်း သိတယ်ပေါ့"

တကယ်တော့ ဒီသတင်းက သူတို့ မြို့ကလေးတွင် လူတိုင်းသိနေကြပြီဖြစ်သည် ။ မြို့ကလေးအတွက်တော့ မျက်မှောင်ကုတ်စရာ၊ ခေါင်းကုတ်စရာအဖြစ်အပျက်တစ်ခုပင်။

"သိတာပေါ့ကွ ဒီသတင်းက နာမည်ကြီးပဲ"

"ဟုတ်တယ် အကောင်းလား အဆိုးလား မသိပေမယ့် နာမည်ကြီး နေတာတော့အမှန်ပဲ"

"ငါ့အစ်ကိုတို့ တောင် အဲဒီကိစ္စအတွက် ဆွေးနွေးပွဲလုပ်ရသေးတယ် ဆိုပဲ"

ငတိုး၏ အစ်ကိုက ရဲအရာရှိတစ်ဦးဖြစ်သည် ။ ဤမြို့ကလေး၏ အ မှုအခင်းများ စွာကို သူပဲဖြေရှင်းရတာ များ သည် ။ ယခု ဖိနပ်ကိစ္စက ကော ဘယ်လိုလဲ။

သူတို့ ငြိမ်တွေပြီး ဖိနပ်တွေအကြောင်း စဉ်းစားနေမိသေးသည် ။ တ အောင့်လောက်ကြာမှ မျိုးထွန်းက

"ညီဝေ မင်းတကယ်ပဲ လွန်းငယ်ကို တခြားဘယ်မှ ခေါ်မသွားဘူး လား"

"သူက အမိုက်ပုံတွေဆီလိုက်ပို့ဆိုလို့ ငါလဲ အမိုက်ပုံတွေဆီ လိုက် ပို့တယ်ကွာ ဒါပဲပေါ့"

"အတယ်.. တုံးတယ်.. ဖျင်းတယ် လုံးဝညံ့တယ်"

ပျစ်ပျစ်နှစ်နှစ်ကို မျိုးထွန်းက ဝေဖန်သည် ။ ဆက်၍ လည်း

"မင်းကလဲကွာ.. မင်းဇွတ်မခေါ်ဘဲ လွန်းငယ်က မင်းစက်ဘီးပေါ် ရောက်လာတာမို့လား။ ဒါ အနည်းနဲ့ အများ မင်းအပေါ် မေတ္တာရှိလို့ ပေါ့ ကွ။ အဲဒီလိုအချိန်ကောင်းမျိုးမှာ မင်း ပန်းခြံလေးဘာလေး ခေါ်သွားသင့် တယ်"

"ဟာ သူစိတ်ဆိုးသွားမှာ ပေါ့ကွ"

"မဆိုးပါဘူးကွာ။ မင်းက မဟုတ်တာတွေ ကြောက်နေတာ"

ငတိုးက ဂင်ပါသည် ။ တုံးလွန်းသည့် သူ့ကောင်ကို ချွန်ပေးနေခြင်းဖြစ်သည် ။

"ဟုတ်တယ် မျိုးထွန်းပြောတာ မှန်တယ်။ မင်း လွန်းငယ်ကို ချစ်ကြောင်း ကြိုက်ကြောင်းပြောထားတာ ဘယ်လောက်ကြာပြီလဲ"

"ဆယ်တန်းအောင်တုန်းကဆိုတော့ အင်း.. သုံးနှစ်လောက်ရှိပြီပေါ့ကွ"

"သူက ဘာလို့ အဖြေမပေးသေးတာလဲ"

"မသိဘူးလေကွာ.. အဲဒါတော့.."

ငတိုးက အားမလိုအားမရအသံကြီးနှင့် ဆက်သင်ပေးသည် ။

"အဲဒါကြောင့်ပြောတာ။ မျိုးထွန်းပြောသလို အခွင့်အရေးရတုန်း ပန်းခြံလေးခေါ်သွားပြီး အဖြေတောင်းရတယ်ကွ။ လွန်းငယ်ရဲ့ ပခုံးနှစ်ဖက်ကိုဆွဲရမ်းပြီး ငါ့ကိုပြန်ချစ်ရင်ချစ်၊ မချစ်ရင် နင့်ဟိုဒင်း.. အဲ.. အင်း နင့်ပါးကို ဆွဲညှစ်မှာ ဆိုပြီး ခပ်ကြမ်းကြမ်း အဖြေတောင်းပစ်ရမှာ "

"ဟာ မဖြစ်ဘူး။ ငါ သူ့ပါးကို မဆွဲခင် သူက ငါ့နားရွက်ကိုဆွဲပြီး ငါ့အဖေနဲ့ သွားတိုင်မှာ ပေါ့ကွ"

ဟိုနှစ်ကောင် မြှောက်ပေးသော်လည်း ညီဝေက မြှောက်မသွားပါ။ သူက လွန်းငယ်ကို ကြောက်သည် လေ။

သူငြိမ်ပြီးတော့သာ လွန်းငယ်နှင့်ပတ်သက်သော အကြောင်းလေး၊ အတိတ်လှလှလေး တစ်မျက်နှာလောက်ကို ဖွဖွလေးလှန်ကာ ဖက်လိုက်မိသည် ။

သူနှင့်လွန်းငယ်က ငယ်သူငယ်ချင်းများ လဲ ဖြစ်သည် ။ လွန်းငယ်က

စုံစမ်းထောက်လှမ်းရတာကို ဝါသနာပါသည် ။ ကြီးလာရင် စုံထောက် လုပ်မှာ ဟု လည်း ငယ်ငယ်တုန်းကတော့ ပြောဖူးသည် ။ အတန်းထဲတွင် ခဲဖျက်ပျောက်တာ၊ ပေတံပျောက်တာကအစ ပိုက်ဆံဖျောက်တာအထိ သူဖော်ထုတ်ခဲ့ဖူးသည် ။ မှားသည့်အခါလဲ မှားပေမပေ့ါဟု ရေရွတ်ခဲ့တာလဲ ခဏခဏပေ့ါ။

တစ်ခါက ညီဝေ ခဲချွန်စက် အသစ်စက်စက်လေး ပျောက်သွားဖူးပါသည် ။ အဲဒီတုန်းက ညီဝေလဲ ကလေးဆိုတော့ ငိုတာပေ့ါ။ "ငါ့ဟာကြီး ပျောက်သွားပြီ အဟီး ဟီး.." ပါးစပ်ပြဲကြီးနှင့် အော်ငိုခဲ့တာ။ မျက်ရည်တွေလဲ အလုံးလိုက်ကျ၊ နှပ်တွေလဲ တရွဲရွဲ တတွဲတွဲနှင့် တွဲလောင်းကျလို့ပေ့ါ။ လွန်းငယ်ကပဲ အဲဒီနှပ်တွေကို သူ့ရဲ့ လက်ကိုင်ပဝါဖြူဖြူလေးနှင့် သုတ်ပေးခဲ့ရတာ။

"မငိုနဲ့ နော် တိတ်.. တိတ်၊ ငါပြန်ရှာပေးမယ်နော် ညီဝေနော်"

ဆိုပြီး လွန်းငယ်ကပဲ ချော့ခဲ့ရတာ။

အဲဒီနောက်မှာ တော့ တရားခံဖမ်းဖို့ လွန်းငယ် စီစဥ်ပါတော့သည် ။

အရင်ဆုံး ညီဝေ့၏ ပျောက်သွားသည့် ခဲချွန်စက်ပုံစံနှင့် အရောင်ကို ဘယ်သူ့ကိုမှ မပြောပြဘဲ လျှို့ဝှက်ထားလိုက်ပါသည် ။ ညီဝေ့ခဲချွန်စက်က အခုမှ ဆိုင်ကဝယ်လာတဲ့ အသစ်လေးမို့ မည်သူမျှ မမြင်ဖူးကြသေးပေ။ သူခိုးကတော့ ဘယ်ကနေဘယ်လိုမြင်ပြီး ခိုးသွားတာလဲမသိ။

နောက်တော့ အတန်းထဲကလူတွေကို အခန်းရဲ့ ဘယ်ဘက်အခြမ်းမှာ စုခိုင်းလိုက်သည် ။ သူမကတော့ အခန်းအလယ်မှနေ၍ တစ်ဦးချင်းဆီကိုခေါ်၍ တီးတိုးစစ်မေးတော့သည် ။ စစ်မေးပြီးသားလူတွေကိုတော့ အတန်းရဲ့ ညာဘက်အခြမ်းမှာ သွားနေခိုင်းလိုက်သည် ။

မကြာခင်မှာ ပဲ သူခိုးကို မိသွားပါသည် ။

အဲဒီတုန်းက လွန်းငယ် တရားခံဖမ်းသည့်နည်းလေးက ရိုးရိုးလေးနှင့် ထိရောက်သွားပါသည် ။ လူတိုင်းကို ထိုမေးခွန်းပဲ မေးသော်လည်း တကယ့်သူခိုးနှင့် အတွေ့မှာ တော့ အိုကေသွားပါသည် ။

"နင် မှန်မှန်ဖြေနော်။ ညာရင် ဘုရားရိုက်လိမ့်မယ်။ ဘုရားက တန်ခိုးကြီးတော့ ဘုရားကိုင်တဲ့ တုတ်ကလဲ အကြီးကြီးနေမှာ ပဲ။ အဲဒါကြောင့် ဘုရားရိုက်ရင် အရမ်းနာမှာ "

အဲဒီလိုလည်း သူက ကြိုတင်ခြောက်လှန့်ထားသည် ။ တစ်ဖက်လူကို စေ့စေ့ကြည့်ပြီးမှ သူက မေးခွန်းတွေ စမေးတော့သည် ။

"နင် ညီဝေ့ခဲဂျွန်စက်ကို ခိုးလား"

"ဟာ.. ငါမခိုးပါဘူး"

"သေချာတယ်နော်"

"အင်း.. ငါတကယ်မခိုးတာပါ"

ဒီတော့မှ လွန်းငယ်က မျက်နှာကြောလေး လျှော့လိုက်တော့သည် ။ ပြီးမှ လေသံဖျော့ဖျော့လေးနှင့်

"အေးလေ နင်ခိုးတာ မဟုတ်လောက်ပါဘူး"

ထိုသို့ပြောလိုက်တော့ တစ်ဖက်လူရဲ့ စိတ်လဲ လျော့သွားသည် ။ အဲဒီအခါမှ အငိုက်ကိုဖမ်းပြီး ထပ်မေးလိုက်သည် ။

"ဒါနဲ့ ခဲဂျွန်စက်လေးက ဘာအရောင်လဲ"

"အဝါရောင်လေးလေ"

အဲဒီမှာ သူခိုးကို မိသွားပါသည် ။ ဟုတ်တယ်လေ။ မခိုးဘူးလဲဆို သေး ဘာအရောင်လဲလို့ အလစ်ဖင်မေးလိုက်တော့ "အဝါရောင်လေး" တဲ့ ။ ဒါ သူ 'ခိုး' ထားလို့ ပြောနိုင်တာပေ့ါ။

ညီဝေလဲ ခဲချွန်စက်လေးပြန်ရလို့ ပျော်သလို လွန်းငယ်မှာ လဲ တစ်ခ န်းလုံးက သူရဲကောင်းကြီးလို ဝိုင်းကြည့်တာခံရ၍ ရင်ကော့ကာ ဂုဏ်ယူ နေရသည် ။

အဲဒီတုန်းက သူတို့ တော်တော်ငယ်ပါသေးသည် ။ နှစ်တန်းလား၊ သုံးတန်းလားတောင် မသိ။

ညီဝေ အတိတ်ကို ပြန်ဖတ်ပြီး စိတ်ထဲမှာ တလှပ်လှပ် ကြည်နူးနေမိ သည် ။ လက်တစ်ဖက်ကလည်း ဘောင်းဘီအိတ်ကပ်ထဲမှ သူအမြဲတမ်း ဆောင်ထားမိသော အဖြူရောင်လက်ကိုင်ပဝါလေးကို စမ်းနေမိပါသည် ။

******

တကယ်တော့ ဒီဖိနပ်လေးတွေဟာ ဘုရားသခင်က လျှို့ဝှက်စွာပေး နေတဲ့ လက်ဆောင်လေးတွေကော မဖြစ်နိုင်ဘူးလား။ ဒါမှ မဟုတ် က မ္ဘာပျက်တော့မယ်ဆိုတဲ့ နိမိတ်ပုံတစ်ခုလား။ ကမ္ဘာပျက်တော့မှာ မို့ လူ တွေကိုထွက်ပြေးဖို့ ဘုရားသခင်က ဒီလိုဖိနပ်လေးတွေ ပေးတာလား။ အင်း.. တစ်ကမ္ဘာလုံးပျက်ပါပြီဆိုမှ တော့ ထွက်ပြေးလို့ ဘယ်ရလိမ့်မလဲ ။ ထားပါဦး၊ ထွက်ပြေးဖို့ ဖိနပ်လေးတွေပေးတာဆိုရင်လဲ ဘာလို့ က လေးစီးဖိနပ်လေးတွေချည်း ဖြစ်နေရတာလဲ။ လူကြီးတွေအတွက်ကျ တော့ ဘာလို့ မပေးတာလဲ။ ကလေးတွေက အကြွင်းမဲ့ စင်ကြယ်သူတွေ မို့လား။ လူကြီးတွေကျတော့ အတ္တ၊ တဏှာနဲ့ ငရဲလားမယ့် ခန္ဓာတွေမို့လို့

လား။

ကောင်းကင်ကို မော့မကြည့်ဘဲ ထိုသို့ ဖူးဖူး စဉ်းစားနေမိသည် ။

ဖူးဖူး။

ဖူးဖူးဆိုသည် က မျက်နှာနှင့်မဆန့်သော မျက်မှန်ထူထူကြီးကို တပ်ထားရသော ကောင်မလေးဖြစ်သည် ။ သူမသည် ဆိုကရေတီး၏ အဆိုအမိန့်များကို စုဆောင်းသူ၊ ပလေတိုနှင့် အာရစ္စတိုတယ်လ်မှ အစ ရှိပင်ဟောင်ဝါ၊ ဟေဂယ်နှင့် နစ်ရှေး အစရှိသော အတွေးအခေါ်ပညာရှင်များနှင့် အပြိုင် လေ့လာတွေးခေါ်သူအဖြစ် သူမကိုယ်သူမ လူကွယ်ရာမှာ ခံယူထားသူဖြစ်သည် ။

အခုတလောတော့ ဘာထရန်ရပ်ဆဲယ်၏ အတ္ထုပ္ပတ္တိကိုဖတ်ရင်းတော်တော်အိပ်ရေးဝနေသူလေးလဲ ဖြစ်သည် ။

တင်းန်.. တောင်န်...

အိမ်ရှေ့တံခါးမှ ဘဲလ်မြည်သံဖြစ်သည် ။ သူမ ပျင်းတိပျင်းရွဲနှင့်တံခါးသွားဖွင့်ပေးလိုက်ရာ လွန်းငယ်နှင့် စုစုအေးတို့ ကို တွေ့လိုက်ရသည် ။ သူမ ဝမ်းသာသွားသည် ။

"လာ.. လာ ငါတစ်ယောက်တည်း ပျင်းနေတာနဲ့ အတော်ပဲ"

"အေး.. ငါတို့ နှစ်ယောက်ကတော့ မပျင်းဘူးဟ"

ထိုသို့ပြန်ပြောပြီး လွန်းငယ်နှင့်စုစုအေးလဲ အိမ်ထဲဝင်ခဲ့ကြသည် ။ ဖူးဖူး၏ အိပ်ခန်းအတွင်းသာ ဝင်ခဲ့ကြသည် ။ ဖူးဖူး၏ အိပ်ရာပေါ်တွင်ထိုင်၍ စကားပြောကြမည်ဖြစ်သည် ။

စုစုအေးက ဖူးဖူးကို လက်တို့ ပြီး တီးတိုးစကား အရင်ပြောသည် ။

"ဖူးဖူး လွန်းငယ်ကို ကြည့်လိုက်စမ်း"

ဖူးဖူး လွန်းငယ်ကို အကဲခတ်လိုက်သည် ။

လွန်းငယ် ညက နိုင်ငံတကာ မူခင်းဂျာနယ်များကို တမေ့တမော ဖတ်နေခဲ့ပြီး အိပ်ရာဝင် အတော်လေး နောက်ကျခဲ့သည် ။ ယခု ထိုဒဏ်တွေကို ခံနေရသည် ။ မျက်လုံးတွေက ရီဝေဝေ နီစပ်စပ် ဖြစ်နေသည် ။ ခေါင်းကလဲ မူးအုံအုံ ဖြစ်နေသည် ။ ခေါင်းလဲ မဖြီးထားသောကြောင့် ဆံပင်များ လဲ စုတ်ဖွားနေသည် ။ စိတ်က အိပ်ပဲအိပ်ချင်နေသည် ။ ယခု ဖူးဖူးအိပ်ရာပေါ်ထိုင်နေရာမှ စိတ်မထိန်းနိုင်၍ လှဲအိပ်ပစ်လိုက်တော့သည် ။

"သူ ဘာဖြစ်နေတာလဲ"

ဖူးဖူးက စုစုအေးကို ခပ်တိုးတိုး ပြန်မေးရပြန်သည် ။

"ငါ့အထင်ပြောရရင် သူလေ"

"အင်း"

"အပမှီနေတာနေမှာ "

"ဟမ်"

မဆင်မခြင်ပြောသည့်နေရာတွင် ပါရမီထူးသည့် စုစုအေး၏ စကားကို ဖူးဖူးမယုံပါ။

"သူက ဘာဖြစ်လို့ အပမှီရမှာ လဲ"

စုစုအေးက ဟိုတစ်နေ့က ဖိနပ်ကိစ္စကို ရှင်းပြလိုက်ရသည် ။ စုန်းတွေ၊ ကဝေတွေ၊ အောက်လမ်းတွေနှင့် ချောက်ချောက်ချားချား ပြောပြသည် ။

"အဲဒီဖိနပ်ကို လွန်းငယ်က သွားကိုင်တယ်လေ။ အဲဒီမှာ တို့ ဆေးတွေဘာတွေမိပြီး စုန်းပြူစားတာခံရတာနေမှာ ပေါ့။ တွေ့လား လူပုံကိုက ထိုင်းမှိုင်းနေတာ"

ဖူးဖူးလဲ လူပြောများ လွန်းသောကြောင့် ဖိနပ်လေးတွေအကြောင်း ကြားသင့်သလောက်ကြား၊ သိသင့်သလောက်သိပြီးသည့်အပြင် တွေးသင့်သလောက်ပါ တွေးကြည့်ပြီးသွားပါပြီ။ အခု စုစုအေး စကားကိုတော့ လက်မခံချင်ပါ။

"ဟုတ်ပါ့မလားဟယ်"

"ဟုတ်လောက်တယ်နော်၊ လူပုံက ထုံထိုင်းထိုင်းကြီး.."

သူတို့ ပြောနေသည့်စကားတွေကို လွန်းငယ်က ကြားပါသည် ။ အိပ်ရာတစ်ခုထဲမှာ ဆိုတော့ ဘယ်လောက်ပဲ တိုးအောင်ပြောပြော သေချာနားထောင်ရင်တော့ ကြားရပါသည် ။ လွန်းငယ်လဲ သူတို့ စကားကိုကြားရပြီး စနောက်ချင်လာသည် နှင့်

"အွား.."

ခနဲ ထထိုင်ပစ်လိုက်သည် ။

"အမယ်လေး..."

စုစုအေး အသံကုန်အော်ကာ ဖူးဖူး၏ လည်ပင်းကို တက်ဖက်ပစ်လိုက်သည် ။ သူဖက်နေတာနှင့် ဖူးဖူးလဲ လန့်သော်လည်း လည်ပင်းအစ်ပြီး ဘာမှ မအော်နိုင်တော့။

လွန်းငယ်ကတော့ ထရပ်သည် ။ ကြည့်လေ စုစုအေး လန့်သွားပုံကိုလဲ။

"ကောင်မတွေ ငါ့များ ဖုတ်ဝင်တာလိုလို၊ သရဲပူးတာလိုလို ပြောတဲ့ဟာတွေ ဟင်း.. ကြောက်တတ်လိုက်ကြတာ တုန်လို့ ပါလား"

"ကြောက်တာပေါ့ဟဲ့၊ နင်က ဘာအသံကြီးနဲ့ အော်မှန်းမှ မသိတာ"

အကြောက်မပြေယ်သေးသည့် စုစုအေးကြောင့် လွှန်းငယ် ထပ်ရယ်မိပြန်သည် ။ ထိုသို့ လွှန်းငယ်ရယ်နေပုံကိုလည်း စုစုအေးက သင်္ကာမကင်းနှင့်

"လွှန်းငယ် နင်တကယ်ရယ်နေတာကော ဟုတ်ရဲ့ လား။ သရဲပူးပြီးများ ရယ်နေတာလား"

"တော်ပါတော့ဟာ။ ငါ လွှန်းငယ်အစစ်ပါဟဲ့၊ လူစစ်စစ်ပါ"

ဖူးဖူးကပဲ စကားလွှဲကာ ဝင်ပြောရတော့သည် ။

"ပြောပါဦး နင်တို့ ငါ့အိမ်လာတာ။ ကိစ္စရှိလို့ လား"

"ဒီလိုပါပဲဟာ စကားစမြည်ပြောဖို့ ။ ပြီးတော့ နင်လဲကြားပြီးလောက်ပြီပေါ့။ ဖိနပ်အကြောင်းလေ။ အဲဒါတွေပြောရအောင်လို့ "

ထိုကိစ္စတော့ ဖူးဖူးလဲ စိတ်ဝင်စားနေပါသည် ။ ထို့ကြောင့် အားတက်သရောပဲ သူမ အရင် စကားစလိုက်သည် ။

"ငါတို့ အဲဒီဖိနပ်ကိစ္စကြီးကို ဆိုကရေးတီးရဲ့ ဆန်ကာနဲ့ အရင်စစ်ကြည့်ရအောင်"

"ဘာဆိုကရေးတီးရဲ့ ဆန်ကာလဲ။ ဆိုကရေးတီးက စပါးလုံးရွေးလို့ လား"

စုစုအေးက ဘာမှ မသိ။ နားထဲရှိတာကြား၍ ပါးစပ်ထဲရှိရာ ပြောသည် ။ လွှန်းငယ်က မျက်နှာရိပ်နှင့်..

"အဲဒီကောင်မ ဂရုစိုက်မနေနဲ့ ။ ဆက်ပြော ဖူးဖူး"

ဖူးဖူးက ဆက်ပြောသည် ။

"ဒီလိုလေဟာ။ တစ်ခါက ဆိုကရေးတီးကို သူ့တပည့်တစ်ယောက်က သတင်းတစ်ခု လာပြောတယ်။ သူမပြောခင်မှာ ပဲ ဆိုကရေးတီးက လက်ကာတားရင်း ဦးအောင်ပြောတယ်ဟ။ မင်းပြောမယ့် အခုအကြောင်းအရာက မှန်ကောမှန်ရဲ့ လားတဲ့ ။ ကဲ မှန်တယ်ဆိုရင်ကော အကောင်းလား အဆိုးလားတဲ့ ။ ကောင်းတယ်ဆိုရင်ကော အရေးကြီးလား၊ အရေးမကြီးဘူးလားတဲ့ ။ အရေးမကြီးဘူးဆိုရင်လဲ ပြောမနေပါနဲ့တော့ဆိုတဲ့ သဘောပေ့ါ။ အဲဒီလို ကိုယ်ပြောမယ့်စကားကို ဆင်ခြင်မှုဆန်ကာနဲ့ စစ်ထုတ်ရမယ်တဲ့ "

တံတွေးမျိုချပြီး ဆက်ပြောသည် ။

"ကဲ အခု ဖိနပ်ကလေးတွေပြဿနာကို ဆိုကရေးတီးဆန်ကာနဲ့ စစ်ထုတ်ကြည့်ရင် ဘယ်လိုဖြစ်မလဲ"

သေချာနားထောင်နေသော လွန်းငယ်ကပဲ ဝင်ဖြေသည် ။

"မှန်မမှန် ဆိုရင်တော့ မှန်တယ်လို့ ဖြေရမှာ ပဲ။ ဒီဖိနပ်လေးတွေဟာ အိမ်တွေဆီကို တကယ်ရောက်လာခဲ့တာပဲ။ အကောင်းလား အဆိုးလား ဆိုတာကတော့ မသိသေးဘူး။ အင်း.. အရေးကြီးလား မကြီးလားလဲ မသိသေးဘူး။ ရှင်းရှင်းပြောရရင် ဘာကြီးမှန်းကို မသိသေးပါဘူးဟာ။ ဒါပေမဲ့ လူတွေ တောပြော တောင်ပြောလုပ်တာ စုန်းတွေ အောက်လမ်းတွေ လျှောက်လျှောက်ပြောနေတာတော့ ငါမကြိုက်ဘူး"

ဒါကိုတော့ ဖူးဖူးလဲ မကြိုက်ပေ။ စုစုအေးကတော့ ပါးစပ်ပိတ်နေသည် ။

သေချာတာတော့ သူတို့ ဘာမှန်းမသိသည့်ကိစ္စကြီးကို စိတ်ဝင်စား နေမိကြပြီ။ မသိကိန်းများ သည့် ပုစ္ဆာတစ်ပုဒ်အတွက် သူမတို့ ခေါင်းရှုပ်နေကြပြီ။ သူတို့ ငြိမ်သက်ပြီး ဖိနပ်တွေအကြောင်း ဟိုတစ်လွင့် သည် တစ်လွင့်နှင့် အတွေးနှင်နေမိသေးသည် ။

တစ်အောင့်လောက်ကြာမှ လွန်းငယ်က မေးစရာတစ်ခုကို သတိရ သွားပြီး

"စုအေး.. နင်တို့ အိမ်ကို ပြီးခဲ့တဲ့ ရက်တွေတုန်းက ဧည့်သည် တွေ ဘာတွေများ လာသေးလား"

"အင်း လာတယ်လေ။ ငါ့အန်တီလေးတို့ မိသားစု လာလည်တယ် လေ"

"အဲဒီအထဲမှာ ဆယ်နှစ်အရွယ်ကလေးလေးများ မပါလာဘူးလား"

"ပါတယ်လေ။ ငါ့အန်တီလေးရဲ့ သား အလတ်ကောင်က ဆယ်နှစ် လောက်ရှိပြီလေ။ ဘာဖြစ်လို့ လဲ"

လွန်းငယ်က ခေါင်းအသာရမ်းရင်း

"ဘာမှ မဖြစ်ပါဘူး"

ငြိမ်နေသည့် ဖူးဖူးကလည်း တစ်ခုခုကို သတိရသွားကာ မေးရပြန် သည် ။ လွန်းငယ်ကို လက်ညှိုးကလေးထိုး၍

"လွန်းငယ် နင် ဟိုတစ်နေ့က ညီဝေ့စက်ဘီးရှေ့ကလိုက်ပြီး ဘယ်သွားတာလဲ မှန်မှန်ပြောနော်"

လွန်းငယ်က ဖူးဖူးကို ပြန်ဖြေရမည့်အစား စုစုအေးကိုသာ ကြည့်ပစ် လိုက်သည် ။ စုစုအေးက စပ်ဖြီးဖြီးနှင့် ဟိုကြည့် သည် ကြည့် လုပ်နေသ

ည် ။

"စုအေး စုအေး နင့်ကိုတော့ မပြောချင်တော့ဘူး ဟင်း..."

ပြောချင်သည့်စိတ်ကိုထိန်းကာ လွန်းငယ် တကယ်ကို မပြောတော့ပေ။ ဒီတော့မှ စုစုအေးကလဲ

"နင်ကလဲ ငါက သူငယ်ချင်းအချင်းချင်းပဲ ပြောတာပါဟဲ့"

"ဟွန်း"

လွန်းငယ် မျက်နှာရွဲ့လိုက်သည် ။

"ကဲ ပြောပါဦး။ အဲဒီနေ့က ဘယ်သွားကြတာလဲ။ သိချင်လို့ ပါတော်ရေ့"

ဖူးဖူးက အတင်းမေးလွန်း၍ လွန်းငယ်က

"ဘယ်မှ မဟုတ်ပါဘူးဟယ်။ မြို့ထဲပတ်ပြီး အမှ ိုက်ပုံတွေကို လိုက်ကြည့်တာပါ"

"ဟင် အမှိုက်ပုံတွေကို"

"အင်း.. ဖိနပ်လေးတွေ လွှင့်ပစ်ထားတာ ဘယ်လောက်များ လဲ သိချင်လို့ ပါ"

"များ လား"

"နည်းနည်းများများ တော့ ရှိပါတယ်။ ကိုယ့်အိမ်တစ်အိမ်ထဲ ဖိနပ်အထားခံရတာ မဟုတ်ဘူး ဆိုတာတော့ သေချာသိရသွားတာပေါ့"

သူတို့ မြို့ကလေးက အတော်ကျဉ်းပါသည် ။ စက်ဘီးနှင့်ဆိုလျှင် တစ်နာရီလောက် အချိန်ပေးလိုက်လျှင် မြို့ထဲ တော်တော်နှံ့အောင် သွားနိုင်မည်ဖြစ်သည် ။

"ဘာပဲဖြစ်ဖြစ်ပေါ့ဟာ။ သူငယ်ချင်းလဲ သူငယ်ချင်းပေါ့။ ဒါပေမဲ့ ယောက်ျားလေးနဲ့ နှစ်ယောက်တည်းသွားတာကတော့..."

ဖူးဖူးက ပခုံးလေးကို သိမ့်ခနဲ တစ်ချက်တွန့်လိုက်ပြီးတော့မှ

"စိတ်မချရပါဘူးဟယ်"

ဟု ဆက်ပြောလေသည် ။

ဒါကိုတော့ လွန်းငယ်က ခါးထောက်ပြီးတောင် ပြောရဲပါသည် ။

"ဟော့ ဟော့ ညီဝေကိုတော့ စိတ်ချလိုက်ပါဟယ်။ ညီဝေ ဘယ်လောက်ရိုးသားသလဲဆိုတာ ငါအသိဆုံး"

ဒီတော့ ဖူးဖူးနှင့် စုစုအေးကလဲ မတိုင်ပင်ရဘဲ ပြိုင်တူအသံတူ ပြောပစ်လိုက်ပါတော့သည် ။

"ကန်တော့ ကန်တော့"

"ကန်တော့ ကန်တော့"

သူမတို့ သုံးဦးစလုံး တဟားဟား ထရယ်ဖြစ်ကြတော့သည် ။ ထိုကန်တော့ ကန်တော့မှာ အကြောင်းမဲ့ပြောခြင်းမဟုတ်။ နောက်ခံရာဇဝင်က ရှိနေပါသေးသည် ။

တစ်ခါက လွန်းငယ်တို့ အုပ်စု ကျောင်းက ပြန်လာကြသည် ။ လွန်းငယ်တို့ အုပ်စုဆိုသည် မှာ စုစုအေး၊ ဖူးဖူး၊ ငတိုးနှင့် ညီဝေတို့ ဖြစ်ကြသည် ။ ထိုနေ့က မျိုးထွန်းမပါ။ တင်ပါးမှာ သွေးစုနာပေါက်၍ ကျောင်းမလာပေ။

သူတို့ အုပ်စု ကျောင်းအပြန်လမ်းတစ်နေရာမှာ တော့ ထူးခြားတာ တွေ့ရတော့သည် ။

"ဟယ် ငါးကလေးတွေ"

"ဘယ်လိုလုပ် ကုန်းပေါ်ရောက်နေတာပါလိမ့်"

"ချစ်စရာလေးတွေတော့်"

မြောင်းငယ်ကလေးတစ်ခု၏ ကမ်းပေါ်၊ ကုန်းပေါ်တွင် ဖလပ်၊ ဖလပ် ခုန်နေသော ငါးကလေးတွေကို တွေ့လိုက်ရခြင်းဖြစ်သည် ။

ဖူးဖူးက ရေမြောင်းထဲကို ငုံ့ကြည့်ပြီး

"ရေမြောင်းက ရေခန်းနေပြီဟ။ ဒါကြောင့် ငါးကလေးတွေက တခြားရေရှိတဲ့ နေရာကိုသွားဖို့ ကုန်းပေါ်တက်လာတာနေမှာ "

တချို့ငါးတွေက ကုန်းပေါ်ကနေ ခုန်ဆွခုန်ဆွသွားပြီး စားကျက်ပြောင်းတတ်ကြသည် မဟုတ်လား။ ထို့ကြောင့် ဖူးဖူးစကားက သဘာဝကျတာမို့ အားလုံးက ခေါင်းညိတ်လိုက်ကြသည် ။

"ငါတို့ ဒီငါးလေးတွေကို ရေများများ ရှိတဲ့ နေရာ လွှတ်ပေးလိုက်ကြမယ်"

လွန်းငယ်က အားတက်သရော ဦးဆောင်ကာ ပြောလိုက်ခြင်းဖြစ်သည် ။ အားလုံးက ပြုံးကြ၊ ခေါင်းညိတ်ကြကာ သဘောတူကြသည် ။

အနီးအနားဝန်းကျင်ကို ဝေ့ကြည့်လိုက်တော့လဲ ရေကန်ကျယ်လေးတစ်ကန်ကို အဆင်သင့် တွေ့လိုက်ရပြန်သည် ။ ငါးကလေးတွေကို နိုင်သလောက် ကောက်ကြကာ ထိုရေကန်ကျယ်လေးသို့ တပျော်တပါး သွားလွှတ်ကြလေတော့သည် ။

တကယ်တော့ ထိုငါးကလေးများက သူတို့ ထင်သလို ဌာနေပြောင်းဖို့ ကုန်းပေါ်ရောက်နေသော ငါးကလေးများ မဟုတ်ပါ။ လူကြီးတစ်ဦး

က ဟင်းစားအတွက် ရေမြောင်းနှစ်ဖက်ကို တာပိတ်ကာ ပက်၍ ရထားသော ငါးကလေးများ ဖြစ်ပါသည် ။ ငါးပက်ပြီးသောအခါ ထိုလူကြီးမှာ ဗိုက်မကောင်းသလိုဖြစ်၍ မနီးမဝေး ချုံပုတ်တစ်ခုအတွင်းသို့ ပြေးကာ တောထိုင်နေခြင်းဖြစ်ပါသည် ။

ယခုလူကြီးမှာ ကိစ္စပြီး၍ ပေါ့ပါးကာ သူကြိုးစားပမ်းစား ပက်ထားသော ငါးကလေးများ ဆီ ပြန်လာစဉ်မှာ တော့ သူတို့ ကို တွေ့လိုက်ရလေတော့သည် ။ ငါးတွေကို ပယ်ပယ်နယ်နယ်ကောက်ကာ ဟိုဘက်ရေကန်ထဲမှာ ပြန်လွှတ်နေကြပြီ။

"ဟော့ ဟော့ မင်းတို့ ဘာလုပ်နေကြတာလဲ"

"ငါးလွှတ်နေတာလေ ဦးဦးရဲ့ "

စုစုအေးက ဂုဏ်ယူစွာတောင် ဖြေလိုက်သေး။

လူကြီး ပိုဒေါပွသွားသည် ။ မြေပြင်ပေါ်က သူပုံထားသည့်နေရာမှာ ငါးတွေက နည်းနည်းလေးပဲ ရှိတော့သည် ။ သူတော်တော် ကြိတ်မနိုင်ခဲမရ ဖြစ်သွားတော့သည် ။

"မင်းတို့ ကို ဘယ်သူက လွှတ်ခိုင်းလို့ လဲ"

လူကြီးက ဒေါသတကြီးနှင့်အော်တော့ သူတို့ တွန့်သွားကြသည် ။ ကောက်ထားသည့် ငါးတွေလည်း အောက်ပြန်ချလိုက်ကြသည် ။ အားလုံးက မျက်စိသူငယ်နှင့် ကြောက်လန့်ကာ လူကြီးကို ကြည့်ကြသည် ။

"ပြောစမ်း မင်းတို့ ကို ဘယ်သူက လွှတ်ခိုင်းတာလဲ"

သူလွှတ်ခိုင်းတာဟု မပြောကြသော်လည်း အားလုံး၏ မျက်လုံးများက လွန်းငယ်ကို လှမ်းကြည့်ကြတော့သည် ။ ဒီတော့လဲ လူကြီးက လွန်းငယ်ခေါင်းဆောင်သည့် ကိစ္စမှန်း သိပြီပေါ့။ သို့သော် အားလုံးက ကြဲရာ

ပါတွေပဲ မဟုတ်လား။

"ဟင်း.. မင်းတို့ အားလုံး သေပြီသာမှတ်ပေတော့"

လူကြီးက လက်ကြီးနှစ်ဖက်ကို မြှောက်ကာ သူတို့ အကုန်လုံးကို လှမ်းအဖမ်း...

"အား.."

လူကြီးလက်က မရောက်သေး၊ အားလုံးက ငယ်သံပါအောင် အော်ဟစ်ကာ ထွက်ပြေးကြတော့သည် ။ လူကြီး ဖမ်းမိသွားတာကတော့ လွန်းငယ်တစ်ယောက်တည်း။

လူကြီး၏ လက်ထဲတွင် လွန်းငယ်၏ ခန္ဓာကိုယ်သေးသေးလေးမှာ ကြောက်လွန်း၍ တုန်ယင်နေသည် ။ ထွက်မပြေးဘဲ ကျန်နေသူတစ်ဦးလည်း ရှိသေးသည် ။ ထိုသူက ညီဝေ၊ လွန်းငယ်၏ နံဘေးမှာ ကြွံကြွံခိုင်ရှိနေခဲ့သည် ။

လူကြီးက ဘာမှ မလုပ်ရသေး။ လွန်းငယ်က ကြောက်လွန်း၍ တသိမ့်သိမ့်တုန်ယင်ကာ မျက်ရည်တွေလဲ ဝဲလာသည် ။

"ဦးလေး ကန်တော့ဆို ကန်တော့ပါမယ် သူ့ကိုလွှတ်လိုက်ပါ"

ညီဝေက ဂင်တောင်းပန်သည် ။ လူကြီးက မရ။ လွန်းငယ်ကို ညှစ်ထားဆဲ။

"မလွှတ်ဘူး။ မင်းတို့ ငါ့ဟင်းအိုးကို တုတ်နဲ့ ထိုးတဲ့ ကောင်တွေ"

သူ့ငါးတွေ လွတ်သွားတာကို တော်တော်ခံပြင်းနေဆဲ။

"တောင်းပန်ပါတယ် ဦးဦးရယ်၊ ကန်တော့ပါတယ်နော် လွှတ်ပေးပါ"

ညီဝေက တတွတ်တွတ် တောင်းပန်သည် ။ မရ။ နောက်ဆုံး ညီဝေ

လဲ ဘာသိုင်းမှ မတတ်သော်လည်း ထိုလူကြီးကို ခြေထောက်နှင့်ပစ်ကန်လိုက်တော့သည် ။ ဒီလောက်တောင်းပန်တာတောင်မရဘူးဆိုပြီး ညီဝေလဲ စိတ်ပေါက်ပေါက်နှင့် "အင်းဟယ်" ဆိုပြီး ကန်ထည့်လိုက်သည် ။

"အား.. ခွီး"

လူကြီး 'အောင့်'သွားသည် ။ ညီဝေကန်လိုက်တာ တကယ့်ချက်ကောင်းကို ထိသွားသည် ထင်၏။ လူကြီးမှာ ရေနွေးပူလောင်းမိသော ကြောင်ဖားကြီးအသံနှင့် ထအော်တော့သည် ။

နာကျင်လွန်း၍ လက်ကိုလည်း လွှတ်လိုက်ရာ လွန်းငယ်လဲ လွတ်သွားသည် ။

ဒီအချိန် သူတို့ ထွက်ပြေးရတော့မည်ဖြစ်သည် ။ သို့သော် ညီဝေက ကန်တုန်းကကန်ပြီး နာလွန်း၍ ခံစားရခက်နေသော လူကြီးကိုမြင်သည့်အခါ စိတ်မကောင်းဖြစ်သွားသည် ။

"ဦးလေး ကန်တော့နော် ကန်တော့ ဦးလေးကို မရိုမသေ လုပ်တာမဟုတ်ပါဘူး"

"လာ လာ ညီဝေ ပြေးမယ်"

လွန်းငယ်ကလဲ ပြေးဖို့ သတိပေးသည် ။ လူကြီးက နာကျင်၍ ဒေါသက ပိုထွက်လာသည် ။ တောင်းပန်နေသည့် ညီဝေ့ကို လှမ်းဖမ်းလိုက်ပြန်သည် ။

"မင်း.. မင်း ငါ့ကိုကန်တယ် ဟုတ်လား"

"အဲ.."

"သေဖို့ သာပြင်တော့"

လူကြီးက ညီဝေ့ကို တကယ်လုပ်တော့မည့်ပုံပေါ်သည် ။ ဒါကိုမြင်သည့် လွန်းငယ်ကလဲ ခုနက ညီဝေကန်လိုက်သည့်နေရာလောက်ကို မှန်းကာ အားနှင့်ဆောင့်ကန်လိုက်ပြန်သည် ။

"အွား.. အိုး.."

ဒီတစ်ခါလဲ ချက်ကောင်းထိသွားပြန်သည် ။ ခံစားရခက်သော အသံဆိုးကြီးကိုအော်ကာ လူကြီး ခုန်ဆွခုန်ဆွ ဖြစ်သွားသည် ။ ငယ်ပါကလေးကို လက်ကလေးနှင့်ဖိအုပ်လျက်။ မိုးမျှော်ငရုတ်သီး ဆယ့်သုံးတောင့်လောက် ဝါးမိသည့် ရုပ်ကြီးနှင့်။

ဒီတစ်ခါတော့ လွန်းငယ်တို့ အမြန်ထွက်ပြေးရတော့သည် ။ နောက်မှ လိုက်လာမည်ဆိုးသဖြင့် အမြန်ပြေးခဲ့ကြသည် ။ ဒါတောင် ညီဝေက ကန်တော့ခဲ့သေးသည် ။

"ကန်တော့နော် ဦးလေး ကန်တော့.. ကန်တော့"

"လာပါ ညီဝေရဲ့ "

လွန်းငယ်ကပဲ ညီဝေ့လက်ကိုဆွဲ၍ ပြေးခဲ့ရသည် ။

ဟိုလူကြီးကတော့ နောက်မှ မလိုက်နိုင်တော့ပါ။ လမ်းမမှာ ကို ခွေခွေကလေး လဲနေပါပြီ။ သူ့မှာ 'ဖွတ်မရ ဓားမဆုံး' ဆိုသလိုပင် 'ငါးမရ၊ ငယ်ပါတုံး (သုဉ်း)' တော့မလို့ ...။

လွန်းငယ်နှင့်ညီဝေကတော့ နောက်ကိုမကြည့်ဘဲ သုတ်ချေတင်ခဲ့ကြသည် ။ ကြောက်ကြောက်နှင့်ပြေးရင်း လွန်းငယ်မှာ ချော်လဲတော့သည် ။

"အ..."

သူမ ခြေသလုံးပွန်းသွားသည် ။ ခြေသလုံး ဖြူဖြူလေးမှာ သွေးတွေ

စို့တော့ ညီဝေကပဲ သူ့ကျောပိုးအိတ်ထဲက အပြာရောင်လက်ကိုင်ပဝါ လေးတစ်ထည်ကို ထုတ်၍ ဒဏ်ရာမှာ စည်းပေးခဲ့ရသည် ။

ထိုအချိန်တုန်းက သူတို့ လေးတန်းလောက်သာ ရှိဦးမည်။ အခုထိတိုင် တွေးရလွယ်သော အမှတ်တရတစ်ခုအဖြစ် လွန်းငယ်ရင်ထဲမှာ ကျန်နေခဲ့ပါသည် ။

အခုလည်း သူငယ်ချင်းတွေ စကားစပ်မိပြီး ပြန်ပြောင်းသတိရ ရယ်ဖြစ်ကြသည် ။

"အရေးထဲ ထွက်ပြေးရပါမယ်ဆို ရန်သူကို ကန်တော့နော် လုပ်နေသေးတယ်"

"အေးလေ ညီဝေတို့ ကတော့ .. ခစ်.."

ဖူးဖူးနှင့်စုစုအေးက ရယ်ရယ်မောမော ပြောကြသည် ။ လွန်းငယ်ကတော့ သူတို့ ကို မကျေနပ်။

"သွားပါ သူများကို မကောင်းပြောမနေပါနဲ့ ။ အရေးကြုံရင် ငါ့အနားမှာ ညီဝေပဲရှိတာ။ နင်တို့ က ငါ့ကိုထားပြီး ထွက်ပြေးကြတာ"

"အဲဒီတုန်းက ကလေးကိုကြောက်တာပေါ့ဟဲ့"

ခဏနေတော့ စကားဝိုင်းသိမ်းကာ လွန်းငယ်နှင့် စုစုအေးလဲ ပြန်ခဲ့ကြတော့သည် ။

ညရောက်တော့ အိပ်ရာထဲမှာ လွန်းငယ်မအိပ်ခင် တစ်စုံတစ်ရာကို တွေး၍ ပြုံးနေမိသည် ။ မိန်းမပျိုလေးကို ပြုံးစေသည့်အတွေးကဘာများ ပါလိမ့်။ ပြတင်းတံခါးမှ လေညင်းတချို့ ဝင်ရောက်တိုက်ခတ်လာသည် ။ သူမ၏ လက်ချောင်းလေးများ အကြားမှ အပြာရောင်ပဝါကလေးမှာ လှုပ်ခတ်လွန့်လူးသွားသည် ။

သူမ ထိုပဝါလေးကို တစ်ချက်ထွေးပိုက်လိုက်ပြီးမှ ခေါင်းအုံးအောက်ထဲ ပြန်ခေါက်ထားလိုက်ပါသည် ။ ပြီးနောက် မျက်တောင်များကို မေးစင်းကာ အိပ်မက်တစ်ခုကိုမျှော်လင့်ရင်း အိပ်စက်လိုက်တော့သည် ။

******